# ဘုရားရယ်တရားရယ် မစ္စတာမနုဿရယ်

*“ဘုရားဆိုတာ ကိုးကွယ်ဖို့”*
*“တရားဆိုတာ ကျင့်စောင့်ဖို့”*



ဒါကြောင့် ကိုးကွယ်ရမဲ့အရာနဲ့ ကျင့်စောင့်ရမဲ့အရာဟာသီးခြားစီဖြစ်တယ်လို့ သဘောပေါက်ထားရမှာဖြစ်ပါတယ်။ ဘုရားကိုးကွယ်တယ်ဆိုတာက Faith လို့ခေါ်တဲ့လူရဲ့ ‘ယုံကြည်မှု’ အပေါ်မှာ အခြေတည်ပြီးလုပ်ရတဲ့အလုပ်၊ တရားကျင့်စောင့်တယ်ဆိုတာက Work လို့ခေါ်တဲ့ လူရဲ့ ‘လုပ်ဆောင်မှု’ အပေါ်မှာ အခြေတည်တဲ့အပိုင်းဖြစ်တဲ့အတွက် ဘုရားကိုကိုးကွယ်တာနဲ့ တရားကျင့်စောင့်တာဟာ ဆင်သယောင်ရှိပေမယ့် မတူသောအကြောင်းအရာသာဖြစ်ပါတယ်။ ကိုးကွယ်မှုပြုခြင်းမှာ ‘ဘုရား’ ကိုလူက ဗဟိုပြုရတဲ့အပိုင်းဖြစ်တယ်။

ထို့ကြောင့်ထာဝရဘုရား၏ ဘာသာဖြစ်သော (ခရစ်ယာန်) ၌ ထိုကဏ္ဍနှစ်မျိုးလုံး ပါရှိနေကြောင်းသိရပါ၏။ ပုဂ္ဂိုလ်ဖြစ်သော ‘ဘုရားသခင်’အား ယုံကြည်ခြင်းဖြင့် ကိုးကွယ်ရမည့်အလုပ်က သပ်သပ်၊ ပုဂ္ဂိုလ်ပေးသော ‘ပညတ်တော်’ ကိုလိုက်လျှောက်ခြင်းဖြင့် ကျင့်စောင့်ရမည့်အလုပ်က သပ်သပ်ဖြစ်ပါသောကြောင့်–

ခရစ်ယာန်၌–

***ကိုးကွယ်ခြင်းသည် တရားကျင့်စောင့်ရာသို့မရောက်သကဲ့သို့၊ ပညတ်တော်များကို ကျင့်စောင့်ခြင်းသည် ကိုးကွယ်မှုပြုရာသို့လည်း မရောက်ကြောင်း သိအပ်ရာ၏။ သီးခြားစီဖြစ်သော ‘အလုပ်’ ဟုသဘောပေါက်ထားကြရမည်ဖြစ်၏။***

ဘုရားကို ကိုးကွယ်ရခြင်းအကြောင်းမှာ ဘုရားထံမှလာသောမေတ္တာ၏အကျိုးကို မျှော်ကိုးရခြင်းဖြစ်ပြီး၊ တရားကိုကျင့်စောင့်ရခြင်း အကြောင်းမှာ တရားအတိုင်းဖြစ်သော သစ္စာ၏အကျိုးကိုခံစားနိုင်ဖို့ရန်အတွက်ဖြစ်ပါသည်။

မေတ္တာ၏အကျိုးကား ‘ကယ်တင်ခြင်း’ ဟုခေါ်သော လူ၏ဝိညာဉ်ဆိုင်ရာလွတ်မြောက်မှု (နောင်ဘဝ အာမခံချက်အတွက်ဖြစ်ပြီး)၊ သစ္စာ၏အကျိုးကား ‘ကောင်းကြီးမင်္ဂလာ’ ဟုခေါ်သော လူ၏ရုပ်ပိုင်းဆိုင်ရာကောင်းစားခြင်း (ယခုဘဝအာမခံချက်အတွက်ဖြစ်ပါ၏)။

ထို့ကြောင်း ခရစ်ယာန်သည် ‘ဘုရား’ မပါဘဲ ဖြောင့်မတ်ရာသို့ရောက်နိုင်သူများမဟုတ်သလို ---

‘တရား’မပါဘဲ ကောင်းစားခြင်းသို့ ရောက်မည့်သူများလည်းမဟုတ်ကြပါ။

ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်ဖြစ်သော ဘုရားသခင် နှင့် ကျွန်ုပ်တို့၏အကြား၌ ဘုရား၏တရား ဖြစ်သော ‘ပညတ်တော်’ များခံထားလျှက်ရှိကြောင်း၊ မမေ့အပ်ပေ။ မစ္စတာမနုဿသည် ယခုဘဝ၊ နောင်ဘဝနှင့် စပ်ဆိုင်သော နှစ်ဖြာသောကောင်းကျိုးတို့ကို လိုလားမျှော်ကိုးသည် ဆိုက အခွင့်အရေးရှိပါသည်။ ထိုကဏ္ဍနှစ် မျိုးစလုံးကိုပြည့်စုံအောင်အကောင်အထည်ဖေါ်၍ ဆောင်ရွက်တတ်ဖို့ရန်ပင်။

## အရည်အသွေးနှစ်မျိုး။

မစ္စတာမနုဿ၌ ကယ်တင်ရာသို့ရောက်ဖို့ Faith ဟုခေါ်သော ‘ယုံကြည်ခြင်း’ အရည်အသွေးရှိရမည်ဖြစ်သလို၊ ကောင်းစားခြင်းသို့ ရောက်ဖို့ Work ဟုခေါ်သော ‘နာခံလိုက်လျှောက်ခြင်း’ အရည်အသွေးရှိနေရမည်ဖြစ်သည်။ ထာဝရဘုရား၏ဘာသာ၌ လူ၏ ‘အကျင့်’တရားအားဖြင့် ကယ်တင်ခြင်း ရနိုင်သော သဘောတရားမရှိသလို၊ လူ၏ယုံကြည်ခြင်း တစ်မျိုးတည်းဖြင့်ကောင်းစားရာသို့ ရောက်နိုင်ခွင့်သဘောတရားမရှိပါ။ ‘ကိုးစားခြင်း’ နှင့် ‘ကြိုးစားခြင်း’ သည်တွဲစပ်လျှက်ပါဝင်နေပြီး ခွဲထုတ်၍မရသောအရာအဖြစ်၌ ရှိနေပါ၏။

## ဘုရား၏သဘောနှင့်တရား၏သဘော

ဘုရား၏သဘောက မေတ္တာကိုအခြေခံသောကြောင့် အတိုင်းအဆမဲ့ဖြစ်၏။ တရားသဘောက သစ္စာကိုအခြေခံထားသောအရာ ဖြစ်သောကြောင့်၊ တရားအတိုင်းသာ ဖြစ်စေနိုင်သော ‘ကန့်သတ်ချက်’ ရှိနေ၏။

လူအချို့ ‘ကယ်တင်ခြင်း’ ရရန်အတွက်ဟု ဆိုကာကောင်းသောအကျင့်ပေါ်၌ ရပ်နေကြ၏။(မမှန်ပါ) အဘယ်ကြောင့်ဆိုသော် တရားသဘော၌

လူကိုကယ်တင်နိုင်စွမ်းသော တန်ခိုးနှင့် အခွင့်အာဏာမရှိပါ။ တရားနှင့် အညီဖြစ်သော 'စီရင်ချက်' ကိုသာဖော်ပြနိုင်စွမ်းရှိပါ၏။

သမ္မာကျမ်းစာ၌ ဖော်ပြထားသော ဘုရားသခင်၏ ပညတ်တရား 'စံနှုန်း' ကိုလည်း အဘယ်လူသားကမျှ မှီအောင်ကျင့်နိုင်စွမ်းမရှိပါ။ '*ပညတ်တရား၏အကျင့်အားဖြင့် အဘယ်သူမျှဖြောင့်မတ်ရာသို့မရောက်နိုင်ရာ*' (ဂလာ ၂း၁၆)။

တရားပိ၍ တရားနှင့်ငြိနေသော 'လူသား' ကိုတရားလက်ကဆွဲထုတ်ကာ ကယ်တင်နိုင်စွမ်း သောတန်ခိုးနှင့် အခွင့်အာဏာသည် ဘုရားတစ်ပါးတည်းထံတော်၌သာရှိသည် မဟုတ်ပါလား။ တရားလက်က ဘုရားကယ်မှသာ လူသားတို့သည် အမှန်လွတ်မြောက်နိုင်ခွင့် ရကြမည့် အကြောင်းသည် ရှိနေပါ၏။

ဥပမာ – နွံအိုင်ထဲသို့ အမှတ်တမဲ့ ကျသွားသော လူသားသည် ရုန်းလေနစ်လေပင်ဖြစ်၏။ ကိုယ့်ခွန်ကိုယ့်အားဖြင့် ရုန်းထွက်နိုင်ခြင်းငှာ မစွမ်းသာပါ။ ထိုအခါ သူဘာလုပ်မည်နည်း?။ အထိရောက်ဆုံးသော လုပ်ဆောင်ချက်မှာ 'ကယ်ကြပါ' ဟုအော်ဟစ်၍ ကယ်တင်နိုင်မည့်သူကို မျှော်လင့်ခြင်းအလုပ်တစ်ခုသာရှိပါသည်။ မေတ္တာဂရုဏာရှိသော တစ်စုံတစ်ယောက်သောသူ၏ 'လက်ကမ်းမှု'ကို ခံယူရုံမှတပါး –– အပြစ်စွဲနေသော ဒုစရိုက်လောကသားသည် ထိုသဘော၌ရှိနေ၏။ (ကိုယ်နွံနစ်နေကြောင်း အသိဝင်ဖို့သာလိုသည်)တရားက လူသားကိုစီရင်ထားပြီးဖြစ်၏။

ဘုရားက လူသားကို ကယ်တင်ထားပြီးဖြစ်၏။

ထို့ကြောင့် တရားလက်အောက်၌ ရှိနေသော 'မစ္စတာမနုဿ' တို့၏ ဝိညာဉ်လွတ်မြောက်မှုသည် ဘုရားတစ်ပါးတည်း'၏လက်တော်ထဲ၌သာရှိနေပါ၏။ ကယ်တင်ခြင်းသည်လူမလုပ်နိုင်သောအရာဖြစ်ပါသောကြောင့် 'ယုံကြည်ခြင်း' အားဖြင့်သာ လက်ခံယူရမည့် အပိုင်းဖြစ်၏။ (ထို့ကြောင့် မေတ္တာ၏အကျိုးဟုခေါ်ပါသည်)

'ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှာ၊ ယုံကြည်ခြင်းတရားကိုသာ အမှီပြု၍ရောက်နိုင်၏' (ရောမ ၄း၁၆)

ဖြောင့်မတ်ရာသို့ရောက်ခြင်းငှာ၊ စိတ်နှလုံးဖြင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှာ၊ နှုတ်ဖြင့်ဝန်ခံရ၏' (ရောမ ၁၀း၁၀)

မစ္စတာမနုဿ အနေဖြင့် တရားသဘော၏ စီရင်ချက်ကိုဖြတ်ကျော်နိုင်မည့်တစ်ခုတည်းသော အစွမ်းကတော့ 'ယုံကြည်မှု'ပါပဲ။ လူ၏အကျင့်တရားအားဖြင့် မည်သို့မှကျော်ဖြတ်နိုင်စွမ်းမရှိပါ။ လူသား၏ဝိညာဉ် ကယ်တင်ခြင်း အပိုင်းသည် ဘုရားဖြစ်သော ပုဂ္ဂိုလ်၏ လက်တော်မှ မေတ္တာ၊ ဂရုဏာ၊ မစခြင်း ကျေးဇူးကို မျှော်လင့်အားကိုးရသော အပိုင်းဖြစ်၍ 'ကိုးကွယ်သည်' ဟုသုံးပါသည်။

ခရစ်ယာန်အချို့ကောင်းကြီးမင်္ဂလာများစွာ ခံစားရရန် 'ယုံကြည်ခြင်း' ဖြင့်ထိုင်၍ ဆုတောင်းနေကြ၏ (မမှန်ပါ)။ အဘယ်ကြောင့်ဆိုသော် (ကယ်တင်ခြင်းမှအပ) ဖြစ်သောအကျိုးခံစားစရာကောင်းကြီးမင်္ဂလာများသည် Workဟုခေါ်သည့် ပညတ်တော်ကိုနာခံလိုက်လျှောက်ခြင်းဖြစ်သော လူ၏ 'လုပ်ဆောင်ချက်'အပေါ်၌သာမူတည်၍ ခံစားခွင့်ပြုထားသော အရာများဖြစ်သောကြောင့်ပင်တည်း။ ဤအပိုင်းသည် ပညတ်တရားကို ကျင့်ရမည့် အပိုင်းဖြစ်၏။

အလွယ်ဥပမာပေးရလျှင် –

အလုပ်မလုပ်ဘဲ – လခထုတ်၍မရပါ။

လုပ်သောသူ – ခံစားခွင့်ရှိ၏။

မလုပ်သောသူ – မရ။

တရားခံထားပေးပြီး တရားနှင့်ညီသော အကျိုးခံစားခွင့်ကို ပြုထားသောကြောင့် (သစ္စာ၏အကျိုးဟုခေါ်ပါသည်)။ ခရစ်ယာန်တွေ အများအားဖြင့် ယုံကြည်ခြင်းလို့ပြောပြီး အလုပ်မလုပ်ချင်ဘဲ လခထိုင်မျှော်နေချင်သူတို့သာများ၏။ ခေတ်စကားနှင့်ပြောရလျှင် 'ဘုရားသခင်က အချဉ်မှမဟုတ်တာပဲ'။

ပညတ်တော်ကို လိုက်လျှောက်ခြင်း၌ ကဏ္ဍနှစ်မျိုးရှိ၏။ တားမြစ်/လမ်းညွှန်ချက် ဟုခေါ်၏။

(၁)တားမြစ်ထားသောအရာများကို (ရှောင်ကွင်းခြင်း) သစ္စာ။

(၂) လမ်းညွှန်ထားသောအရာများကို (လက်တွေ့လုပ်ဆောင်ခြင်း) သစ္စာ။

ထိုအချက်နှစ်မျိုးစလုံး ပြည့်စုံအောင် လိုက်လျှောက်ပါမှ သစ္စာ၏အကျိုးကိုခံစားနိုင်မည် မဟုတ်ပါလား။ မုန့်ဖွဲ့စားတတ်ကြသလို၊ မိမိကြိုက်သည့် အပိုင်းတစ်ခုကိုသာ ရွေးပြီးဖွဲ့စားလို့မရပါ။ (ပညတ်တော်သည်မုန့်မဟုတ်ပါ)

ခရစ်ယာန်အချို့ –တားမြစ်ချက်ကိုရှောင်ကွင်းကြပါ၏။ပညတ်တော်ဆယ်ပါး လုံကြ၏။ သို့သော် ခိုင်းထားတာကို တစ်ခုမှမလုပ်ကြပါ။ (လိုက်လျှောက်ခြင်းမရှိ)

ခရစ်ယာန်အချို့ – လမ်းညွှန်ထားသောခိုင်းစေချက်များကို ကျော်နင်းကြ၏။ (စောင့်စည်းခြင်းမရှိ)

ထို့ကြောင့်သစ္စာ၏ရာနှုန်းပြည့်အကျိုးကို မခံစားကြရပါ။ (အကုန်အစင် လိုက်လျှောက် နားထောင်ကြရန်လို၏) အမှန်တော့ 'ပညတ်တော်' ဆိုသည်မှာ လူသားတို့အတွက် 'လခ' တည်းဟူသော ကောင်းကြီးမင်္ဂလာများစွာကို ခံယူထုတ်သုံးနိုင်ဖို့အတွက် ဘုရားသခင်က ချပေးထားသော

Job လုပ်ငန်းကြီးတစ်ခုမျှ သာဖြစ်ပါ၏။ မစ္စတာမနုဿတို့ သိသင့်သည်ကား – ဘုရား၏မေတ္တာ အကျိုးဖြစ်သော ကယ်တင်ခြင်းကို ‘ယုံကြည်ခြင်း’ ဖြင့် အခမဲ့ခံစားခွင့်ရှိသော်လည်း၊

တရား၏သစ္စာအကျိုးကိုကား ‘လုပ်ဆောင်ခြင်း’ ဖြင့်သာရယူခံစားပိုင်ခွင့်ရှိနေပါ၏။

–ကိုးစားခြင်းဖြင့် ရနိုင်သည့် အမြတ်က ‘ကယ်တင်ခြင်း’

–ကြိုးစားခြင်းဖြင့်ရနိုင်သည့် အမြတ်က ‘ကောင်းကြီးမင်္ဂလာ’ များဆိုတာပါပဲ။

တရားဟောရာကျမ်းအခန်းကြီး (၂၈) ကိုဖတ်လျှင် သစ္စာတရားနှင့် ပတ်သက်သော ကောင်းကျိုး/ဆိုးကျိုးကိုသင်မြင်တွေ့နိုင်ပါ၏။ ဘဝခရီးနှင့်ပတ်သက်သော ‘အသိတံခါး’ တစ်ချပ်ပွင့်လာလိမ့်မည်ဖြစ်၏။



## အသိတရားပြောင်းပြန်ဖြစ်ခြင်း။

(A) လို့ခေါ်တဲ့ မစ္စတာမနုဿတို့က ဒီလိုပြောတယ်။ ‘ယုံကြည်ခြင်းရှိရင်ပြီးပြီ၊ ဘာအကျင့် မှမလိုဘူး’။ (မှန်ပါတယ်)ယုံကြည်ခြင်းကြောင့် သူ့ဝိညာဉ်ဟာကယ်တင်ခြင်းနဲ့သက်ဆိုင်ပါတယ်။ ဒီဘဝမှာတော့ ကောင်းစားမှာမဟုတ်ပါ(တရားမပါသောကြောင့်)။

(B) လို့ခေါ်တဲ့ မစ္စတာမနုဿတို့ကဒီလိုပြောလာတယ်။ ‘ကောင်းသောအကျင့် ကျင့်မှရတာ၊ ယုံကြည်တယ်ဆိုရုံနဲ့မရနိုင်ဘူး’ ဒီဘဝမှာတော့ တရားနဲ့အညီဖြစ်သော ကောင်းစားခြင်း၊ ရှိမယ်။ တမလွန်နဲ့ပတ်သက်တဲ့ ဝိညာဉ်ကယ်တင်ခြင်းအာမခံချက် သူ၌မတည်သေးပါဘူး။ (ဘုရားမပါ သောကြောင့်) ခရစ်တော်ရဲ့ ပြီး ပြည့်စုံတဲ့ကယ်တင်ခြင်းကိုရှင်းလင်းစွာနားလည်သဘောပေါက်ခြင်းမရှိသေးကြောင်း ထင်ရှား၏။

–*ကယ်တင်ခြင်းသည်ဘုရား၌တည်၏။*

–*ကောင်းစားခြင်းသည်တရား၌တည်၏။*

ထိုအချက်ကိုရှင်းစွာ သဘောမပေါက်ကြ သောအခါ– (A)က ဤသို့ခံယူ၏။ ‘အပြစ်ကြိုက်သလောက်လုပ်လည်း ရပါတယ်။ အရင်တုန်းက အပြစ်၊ ခုအပြစ်၊ နောက်ထပ်လုပ်ဦးမဲ့အပြစ်တွေရှိသမျှအတွက် ခရစ်တော်က ခွင့်လွှတ်ပြီးပြီ။ လက်ဝါးကပ်တိုင်ပေါ်မှာ ပေးဆပ်ခဲ့ပြီကွ’ တဲ့။

(မှန်ပါတယ်) အဲဒါကယ်တင်ခြင်းနဲ့ဆိုင်တဲ့ အပိုင်း ကဏ္ဍတစ်ခုအတွက်သာ အကြုံးဝင်ပါတယ်။ ယုံကြည်သူက ဘယ်သောအခါမှ အပါယ်လားမဲ့ စီရင်ချက်ကို မခံရပါဘူး။ ဘုရားကိုယ်တိုင်ပေးထားတဲ့အာမခံချက်နဲ့ ကတိတော်ပါ။ ဒါပေမဲ့ ရဲစခန်းတို့၊ တရားရုံးတို့၊ အချုပ်ထောင်တွေထဲကိုတော့သွားရပါလိမ့်မယ်။ (ဝိညာဉ်သာ စီရင်ခြင်းနဲ့လွတ်တာ) စိုက်သည့်အတိုင်း ရိတ်ရတဲ့ တရားသဘောအရ ကိုယ်ခန္ဓာမှာ ကင်ဆာတို့၊ တီဘီတို့၊ HIV တို့ စွဲကပ်ပြီးရောဂါခံစားရကာ မချိမဆံ့နဲ့ စောစောသေတတ်ပါသေးတယ်။ လုပ်ရပ်တိုင်းတို့အတွက် တန်ပြန်သက်ရောက်မှု (တူသောအကျိုး) ကိုခံကြရမည်ဖြစ်၏။ ‘ပညတ်တော်’ ကို စောင့်ရှောက်ခြင်းဆိုတာ ကိုယ့်အသက်နဲ့ဘဝကို စောင့်ရှောက်တာနဲ့အတူတူပါပဲ။ (ဒီလိုသိထားဖို့လိုတယ်) ခုတော့ ‘ယုံကြည်ခြင်း’ တစ်ခုကိုသာ လက်ကိုင်ပြုထားပြီးလောကဘဝထဲမှာ ‘ပညတ်တော်’ ကိုပစ်ပယ်ကာ၊ မိမိ နေချင်သလိုနေထိုင် အသက်ရှင်နေကြတဲ့ (A) လို ခရစ်ယာန်တွေကိုကျွန်တော်တို့ ပတ်ဝန်းကျင်မှာ များစွာတွေ့နိုင်ပါတယ်။ သူတို့ဟာ လောကငရဲစခန်းကို လက်တွေ့ဖြတ်သန်းနေကြသူများပဲမဟုတ်လား။ (အကြောင်းမဲ့ဖြစ်သော အကျိုးတရားဟူသည်မရှိ) စိတ်လက် မချမ်းသာ ကိုယ်မကျန်းမာဖြစ်ပြီး ဘာလုပ်လုပ် မအောင်မြင်၊ ဘယ်သွားသွား အဆင်မပြေနဲ့ နေ့စဉ်ဘဝမှာ ပြဿနာပေါင်း သောင်းခြောက်ထောင် ဝိုင်းပတ်ပြီး စိတ်မသာ ညည်းတွားလျက်နေကြရတယ်မဟုတ်လား။ (ဆာ ၇၈း၃၂–၃၄) မှာ နှုတ်ကပတ်တော်က ဒီလိုဖော်ပြထားတယ်၊ (အမင်္ဂလာစက်ဝိုင်းလို့ဆိုကြပါစို့) ‘ထို့ကြောင့်သူတို့နေ့ရက်ကာလကို အချည်းနှီးလွန်စေ၍ သူတို့နှစ်များကို ဘေးဥပဒ်တွင်မြုပ်တော်မူ၏၊ တရားလက်လွှတ် နေသောသူတို့သည် ပညတ်တော်နှင့်ငြိနေကြ၏။ (သစ္စာတရား၏လက်တွေ့အကျိုးပင်) တမလွန်မှခံစားရမည့် ကယ်တင်ခြင်းကို လက်ကိုင်ပြုရင်း ဘဝအသက်တာတွေဆုံးရှုံးနေကြရသည် မဟုတ်ပါလား။ မည်သူမပြုမိမိအမှုပင်ဖြစ်ပါ၏။ မိမိ၏ လွတ်လပ်စွာရွေးချယ်ပိုင် ခွင့်နှင့်သာ သက်ဆိုင်နေသောအကြောင်းများဖြစ်၏။ ဘုရားသခင်က မည်သူ့ကိုမျှ မျက်နှာမလိုက်ပါ။ ဘဝတို့ကိုတရားတော်နှင့်အညီ ဖြစ်ပျက်စေပါ၏။ ဤသဘောကိုသဘောမပေါက်ကြသောကြောင်း ‘ဖန်ဆင်းတဲ့ဘုရားက မညီမျှဘူး၊ မတရားဘူး’ ဟု သူတို့ကထပ်၍ဆိုနေကြပြန်သေး၏။

(B)လို့ခေါ်တဲ့ မစ္စတာမနုဿရဲ့အဖြစ်ကတော့ ဒီလိုရှိနေပါတယ်။

‘ကောင်းတာလုပ်ရင် ကောင်းရာမွန်ရာ ရောက်မယ်’တဲ့။ အဲဒီအယူဝါဒဟာ ထာဝရ ဘုရားကိုသိတဲ့ လူတို့ရဲ့ယူဆချက် မဟုတ်ပါ။ ဒီခံယူချက်ဟာ

(ဘာသာခြား) တို့ရဲ့ အတွေးအခေါ်သာလျှင်ဖြစ်ပါတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်ဆိုသည်က 'လူကိုဗဟိုပြုတဲ့ဝါဒ' ဖြစ်တဲ့အတွက် သူတို့သိထားပြီး အားကိုအားထားပြုနေတာက တရားသဘော ကြီးကိုပင်မဟုတ်ပါလား။ ဘုရားအားကိုးခြင်းမှမဟုတ်တာ။

ဒါကြောင့် 'ကယ်တင်ခြင်း'အတွက်ရည်စူး ပြီးကောင်းတာလုပ်ရမယ်၊ ဒါမှကောင်းကင်ဘုံ ရောက်မယ်လို့ တွေးဆခံယူထားတဲ့သူကို 'ယုံကြည်သူတစ်ယောက်လို့ မခေါ်နိုင်သေးပါဘူး။ ခရစ်ယာန်ဘာသာဝင်လို့သာခေါ်ကြပါစို့။ တရားအားကိုးပြီးသူရဲ့ ကောင်းမြတ်ခြင်းစံချိန်နဲ့ ကယ်တင်ခြင်းရဖို့ ကြိုးစားလုပ်ဆောင်နေတဲ့သူတစ်ယောက်ဟာ၊ ဘုရားရှေ့မှာရပ်ပြီး ရေချိုးပြနေတဲ့ 'အနူတစ်ယောက်' နဲ့တူပါတယ် (စံချိန်မမီပါ)။ ဥပမာ – ရေချိုးသန့်စင်လိုက်ရင် အနူတစ်ယောက်ဟာ အခြားသော အနူတွေထက်တော့ သာသယောင်ရှိပါတယ်။ ချွေးနံ့ပျောက်ကင်းပြီး ချေးညှော်နံ့ကင်းစင်ကာ ယာယီသန့်ရှင်းခြင်းရှိသူတစ်ယောက်လို့ ပြော၍ရသော်လည်း သူ့'အနူရောဂါ'ကြီးကပျောက်သွားတာမှမဟုတ်တာ။ လူပြုနိုင်သမျှသောကောင်းမှုဟာ ဘုရားရှေ့မှာ ထပ်ခါထပ်ခါရေချိုးပြနေတဲ့ အနူတစ်ယောက်ရဲ့ အဖြစ်ဆိုးမျိုးပါ။

'အကျွန်ုပ်တို့ရှိသမျှသည်စင်ကြယ်ခြင်း မရှိပါ။ ပြုဘူးသမျှသော ကုသိုလ်ကောင်းမှုတို့ သည်ညစ်သောအဝတ်နှင့်တူကြပါ၏'(ဟေရှာ ၆၄း၆က)

ခရစ်ယာန်ဘာသာတရားထဲ၌ ရေအထပ်ထပ်လောင်းချိုးရင်း 'အနူရောဂါ' ပျောက်ရန် ကြိုးစားနေသူတို့ အလွန်ပေါများလှ၏။ ကိုယ်ကျင့်တရားနဲ့ ချိန်ဆက်ပြီး ကယ်တင်ခြင်း တောင်းခံနေကြတဲ့ ခရစ်ယာန်ဘာသာဝင် အချို့ကိုဘုရားသခင်က အားနာပါးနာနဲ့ ဒီလိုပြောပါတယ်။ 'မင်းတို့ဟာ အလွန် သန့်ပြန့် မွှေးကြိုင်နေတဲ့ အထက်တန်းစားအနူတွေကွ' တဲ့ –။ ရောဂါပျောက်ချင်တယ်ဆိုရင်တော့ 'ယုံတယ်'ဆိုရင်ပေါ့လေ၊ ခရစ်တော်ဆီသွား ဒီတစ်လမ်းထဲရှိတယ်။ မယုံနိုင်ဘူးဆိုရင် ရေဆက်ချိုးကြ၊ အအေးမိပြီး သေကုန်ရုံပါပဲ (သမ္မာကျမ်းစာက ဖော်ပြထားတာ အဲဒီသဘောပါ)

အာဒံမှအစပြုသော မွေးဖွားလာသူ မစ္စတာမနုဿ တိုင်း၏ဝိညာဉ်၌ ဗီဇအပြစ်ဟူသော 'သေခြင်းတရားနူနာရောဂါ' စွဲကပ်ပါလာပြီး သားဖြစ်ပါ၏။ ခရစ်တော်၏ 'အသွေး'တော် ဖြင့် ပွတ်တိုက်ဆေးကြောခြင်းခံယူရုံမှတစ်ပါး အခြားမရှိ။ ခရစ်ယာန်တို့၏ 'ကယ်တင်ခြင်း' အဓိပ္ပါယ်သည် ထိုအသွေးတော်တစ်ခု၌သာ တည်၏(ယုံကြည်နိုင်သလော)။ ပညတ်တရားအားဖြင့် ကယ်တင်ခြင်းသို့ရောက်နိုင်လျှင် ခရစ်တော်သည် အချည်းနှီး အသေခံတော်မူပြီ။

– *သားတော်ကိုမရသောသူသည်အသက်ကိုမရ*

– *'ပညတ်တော်' ကိုမကျင့်စောင့်သောသူသည် 'ကောင်းစားခြင်း' သို့မရောက်။*

ထို့ကြောင့် ခရစ်ယာန်သည် သားတော်ကို ယုံကြည်ပြီးနောက် 'ရပ်'နေရုံဖြင့် ပြီးပြည့် စုံမှုမရှိသလို၊ ပညတ်တရားအားကိုးပြီး တရားအပေါ်၌ 'ရပ်'နေရုံမျှဖြင့်လည်း ပြီးပြည့်စုံသည့်ဘဝကို မရနိုင်ပါ။ ဘုရားသား သက်သက်မဟုတ်သော ပညတ်တော်အတိုင်း လိုက်လျှောက်သည့် တရားကျင့်နိုင်သောဘုရားသားသမီးများဖြစ်ကြဖို့ လိုပေသည်။ ကိုယ်ကျင့် တရားကျင့်နိုင်သော ဘုရားသားသမီးများဖြစ်ကြဖို့ လိုပေသည်။ ကိုယ်ကျင့်တရားသမား သက်သက်ကိုတော့ ယုံကြည်သူခရစ်ယာန်ဟု ခေါ်၍မရပါ (ဘာသာခြား) တို့၏အတွေး အခေါ်နှင့်တူသောကြောင့်ဖြစ်၏။ (ဘာသာခြား) တို့၌သာ 'ပုဂ္ဂိုလ်' ဖြစ်သော ဘုရား၏အခန်းကဏ္ဍမပါဝင်ဘဲ လူ၏ကိုယ်ကျင့် တရားကိုအမှီပြု၍ 'စံ' ထားကာ ယခုဘဝ၊ နောင်ဘဝအရေးကိုတိုင်းတာဆုံးဖြတ်သောအယူအဆရှိ၏။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်ကောင်းကင်သွားမည့်သူများသည် ခရစ်တော်နှင့်မဆိုင်၊ ခရစ်တော်ကိုငြင်းပယ်ရာကျပါ၏။

## ယုံလည်းယုံ ခုန်လည်းခုန်

ခရစ်ယာန်တို့ပြောလေ့ပြောထရှိသော စကားတစ်ခွန်းဖြစ်၏။ ထာဝရဘုရား၏ဘာသာ၌ ဤကိစ္စသည် 'အခရာ' ကျ၏။ မည်သည့် ကဏ္ဍအပိုင်းကို ယုံ၍၊ မည်သည့်အပိုင်း ကဏ္ဍကို'ခုန်ရမည်' ဆိုသည်ကိုသေချာရှင်းရှင်းပြတ်ပြတ် ပိုင်းခြားနားလည်တတ်ရန်လို၏။

– *ဘုရားဖြစ်သော 'ပုဂ္ဂိုလ်' ကိုယုံကြည်၍*

– *ဘုရား၏တရားဖြစ်သော 'ပညတ်တော်' ကို ကျင့်စောင့်ပါ။*

– *ကယ်တင်ခြင်းက ဘုရားလက်ထဲရှိ၏။*

– *ကောင်းကြီးမင်္ဂလာက တရားလက်ထဲ၌ရှိ၏။*

## ချေးဆစ်ကြည့်ခြင်း

ကိုယ်ကျင့်တရား၌ အားကြီး၍ အရည်အသွေးမြင့်သူတို့က၊ လူ့ဘက်ကလုပ်ဆောင်ရမည့်အပိုင်း အပိုင်းနည်းနည်းကလေးမှမပါ ဝင်တော့ဘူးလား ဆိုပြီး၊ (ယာ ၂း၂၆) ရှိ'အကျင့်နှင့် ကင်းသောယုံကြည်ခြင်းသည် အသေ' ဖြစ်သည်ဟုပြောကြပါသည်။ 'ယုံကြည်ခြင်း၏ အကျင့်' ဟု ပြောထားသောကြောင့် 'ကယ်တင်ခြင်း အတွက်ကျင့်ရသော' ဟုအဘယ်ကြောင့် ပြောင်းလဲ၍နားလည်ချင်ကြသနည်း။

ယုံကြည်သူတို့က မိမိတို့ယုံကြည်ခြင်း ရှိကြောင်းထုတ်ရမည့် လက္ခဏာ'သက်သေ' များသာဖြစ်ပါသည်။ ထိုလုပ်ဆောင်မှုတိုင်းတို့သည်

ကယ်တင်ခြင်း ရရန်အတွက် ပြုကြရသောအကျင့်မျိုးမဟုတ်ပါ။

ဥပမာ – စစ်သည်တော်ကျင့်ဝတ်ဆိုသည် မှာ – စစ်သားဖြစ်သူနှင့်သာသက် ဆိုင်ပါ၏။(အရပ်သားများနှင့်မဆိုင်ပါ)

– ကျောင်းစည်းကမ်း ပညတ်ဆိုသည်မှာ–ကျောင်းသားဖြစ်သူနှင့် သက်ဆိုင်ပါ၏။ (အရပ်ထဲက ကလေးနှင့်မဆိုင်ပါ)

– ဆရာဝန်၏ ပဋိညာဉ်ဆိုသည်မှာ ဆရာဝန်တို့အတွက်သာဖြစ်ပါ၏။ (အခြားသူများပြုစရာမလိုပါ)

(ကမ္ဘာ ၃း၇) က ညီအစ်ကိုနှစ်ယောက် ကောင်းသောအမှုပြုကြတာခြင်းတူပါတယ်။ ကာဣန ပြုသောကောင်းမှုကို ဘုရားသခင်လက်မခံပါ။ အာဗေလပြုသောကောင်းမှုကို ဘုရားသခင်လက်ခံ၏။ အဘယ်ကြောင့်နည်း။

(ဗြ ၁၁း၄) ၌ ထိုကိစ္စ၏အဖြေကို ရှင်းလင်းစွာတွေ့နိုင်ပါသည်။ 'အာဗေလသည် ကာဣန ပူဇော်သောယဇ် ထက်သာ၍မြတ်သောယဇ်ကို 'ယုံကြည်ခြင်းအားဖြင့်'ဘုရားသခင်အားပူဇော်၏ဟု ရှင်းထားပါတယ်။ ယုံကြည်သူဖြစ်လို့ သူ့ လုပ်ဆောင်မှုကိုလက်ခံလိုက်တာပါ။ မယုံကြည်ဘဲ လုပ်တဲ့သူရဲ့ လုပ်ဆောင်ချက်ကို ငြင်းပယ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နားလည်ထားရမှာက 'ယုံကြည်ခြင်း၏အကျင့်' ဆိုသည်မှာ ယုံကြည်ပြီးသောသူတို့ပြုကြသော လုပ်ဆောင်ချက်များကိုသာ ဆိုလို ပါတယ်။ (ကယ်တင်ခြင်းရဖို့ ရည်စူးပြီးလုပ် ကြရသော အကျင့်တရားအလုပ်မျိုးမဟုတ်ပါ)

(ဟေဗြဲ ၁၁) ကိုဆက်၍ကြည့်ပါက တစ်ယောက်နှင့်တစ်ယောက်လည်း လုပ်ဆောင်နည်း မတူကြပါ။ 'ယုံကြည်ခြင်း၏အကျင့်' ၌ပုံသေနည်းမရှိ၊ ဖေါ်မြူလာမရှိ၊ စနစ်ချပေးထားခြင်းများမရှိပါ။

အခန်းငယ်(၄)၌– အာဗေလသည် ယုံကြည် ...သိုးကိုပူဇော်၏။

အခန်းငယ်(၇)၌– နောဧသည် ယုံကြည်သောကြောင့် သင်္ဘောကိုတည်ဆောက်၏။

အခန်းငယ်(၈)၌– အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့် တဦးတည်းသောသားကိုယဇ်ပလ္လင် ပေါ်တင်၍ ပူဇော်၏။

အခန်းငယ်(၂၃)၌–ပြည့်တန်ဆာ ရာခပ် သည် ယုံကြည်သောကြောင့် ..မိမိအသက်ကိုရင်းပြီး ဘုရားသခင်၏လူ သူလျှိုတို့ကို အဆွေဖွဲ့လက်ခံခဲ့၏။

ထိုသူတို့အားလုံးကျင့်သော ယုံကြည်ခြင်း ၏အကျင့်မှာ ပုံစံမတူပါ။ 'ခိုင်းတာကိုခိုင်းသည့်အတိုင်း' ယုံသောစိတ်နှင့်လုပ်ဆောင်ကြခြင်းဖြစ်၏။ ယုံသောစိတ်မရှိလျှင် 'လုပ်၍မရသော' အလုပ်မျိုးပင် မဟုတ်ပါလား။ ခရစ်ယာန်တို့၌ အကျင့်သည် ယုံကြည်ခြင်း၏ နောက်မှသာလိုက်ပါရသော အရာဖြစ်ပါသည်။ 'ယုံသောစိတ်မရှိဘဲ ကျင့်သမျှသော အကျင့်တို့သည် အပြစ်ရှိ၏' (ရောမ ၁၄း၂၃[ခ])

ယုံကြည်မှျော်လင့်သော သဘောမပါဘဲ ပြုသမျှသော ကျွန်ုပ်တို့ရဲ့ အကျင့်များသည် သာသနာပလူတို့၏ ကိုယ်ကျင့်တရားပုံစံမှား(သို့) ဘုရားလက်မခံသော ကာဣန ၏လုပ်ဆောင်ချက်များနှင့်အတူတူပင်ဖြစ်နေပါ၏။ အချုပ်ပြောရလျှင် ယုံကြည်ခြင်း၏အကျင့် ဆိုသည်မှာ 'ကယ်တင်ခြင်း' ရပြီးသောသူများလုပ်ဆောင်ကြသောအပြုအမူများကိုသာ ဆိုလိုပါသည်။ကယ်တင်ခြင်း ရပြီးသူလို့ ကိုယ့်ဟာကိုယ် စိတ်ချပြီးတဲ့ ခရစ်ယာန်တို့သိထားရမဲ့ 'အကျင့်' ဟာ ပုံစံသုံးမျိုးရှိနေပါတယ်။

## (၁) ပုဂ္ဂလိက ယုံကြည်ခြင်း၏သက်သေ ကိုဖော်ပြတဲ့အနေနဲ့ကျင့်ရတဲ့အကျင့်၊

ဒါက လူအများရှေ့မှာ မြင်သာတဲ့အပိုင်း ဖြစ်တယ်။ တစ်ကိုယ်ရေ စာရိတ္တပိုင်းဆိုင်ရာ ပြောင်းလဲခြင်းအကျင့်ပေါ့။ အရင်တုန်းက ဆိုးတဲ့ မိုက်တဲ့သူက လိမ္မာသွားတာတို့၊ ဆေးလိပ်သောက်တဲ့သူက ဆေးလိပ်ဖြတ်ပြရတာတို့၊ အရက်သောက်တဲ့သူက မသောက်တော့တာတို့၊ မူးယစ်ဆေးစွဲတဲ့သူက ပြတ်သွားတာတို့၊ ဒါဟာခရစ်ယာန်တစ်ယောက်အနေနဲ့ လိုက်လျှောက်ရမဲ့ ယုံကြည်ခြင်း၏ အကျင့်နဲ့ပတ်သက်တဲ့ 'အလုပ်ကုန်' မဟုတ်သေးပါဘူး။ ထိုသို့သော အကျင့်မျိုးကိုတော့ မယုံကြည်သူတို့ ပင်အလွယ်တကူလုပ်ပြနိုင်သော စာရိတ္တနဲ့ဆိုင်တဲ့ 'ပြယုဂ်' ပါ။

## (၂) သမ္မာကျမ်းစာက လမ်းညွှန်ထားတဲ့ (ကိုယ်ရေးကိုယ်တာမှအပ) ဖြစ်သော ယုံကြည်ခြင်း၏ အကျင့်နဲ့ဆိုင်သော သက်သေ။

'ညီအစ်ကိုတို့၊ တစ်စုံတစ်ယောက်သောသူက ငါသည်ယုံကြည်ခြင်းရှိ၏ ဟုပြောလျက်၊ အကျင့်ကိုမကျင့်ဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော။ ညီအစ်ကိုနှမတို့သည် အဝတ်အချည်းစည်းရှိ၍ နေ့တိုင်းစားရသောအစာ မရှိသောအခါ၊ သင်တို့တွင်တစ်စုံတစ်ယောက်သောသူက ငြိမ်ဝပ်စွာသွားလော့၊ နွေးကြလော့၊ ဝကြလော့ဟုပြောလျက်၊ သူတို့ကိုယ်နှင့်တော်လျော်သော အသုံးအဆောင်ကို မပေးဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုနည်းတူ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့် အသေဖြစ်၏။ တစ်နည်းကား သင်သည်ယုံကြည်ခြင်းရှိ၏။ ငါသည် အကျင့်ရှိ၏ သို့ဖြစ်၍ သင်သည် အကျင့်မရှိဘဲ သင်၏ယုံကြည်ခြင်းကို ပြလော့။ ငါမူကား အကျင့်အားဖြင့် ငါ၏ယုံကြည်ခြင်းကိုပြမည်ဟု ပြောစရာရှိ၏'(ယာ ကုပ် ၂း၁၄–၁၈)။

မစ္စတာမနုသ တို့အနေနဲ့က 'ကိုယ့်အကျိုးအတွက်'ဖြစ်တဲ့ မကောင်းသောအရာတွေ၊ စွဲလမ်းမှုတွေကိုစွန့်လွှတ်ပစ်ရတဲ့ ယုံကြည်ခြင်း၏ အကျင့်မျိုးကို သက်သေပြကြရတာ လွယ်ပေမယ့်၊ 'သူ့အကျိုးအတွက်' ဖြစ်မဲ့ကိုယ့်မှာ ရှိတဲ့ဥစ္စာတစ်စုံတစ်ခုကိုစွန့်ရတဲ့အကျင့်ကျတော့ မသိကျိုး

ကျွံပြုနေကြတာများပါတယ်။ ဒီအပိုင်းကို ရအောင်ကျင့်ကြရမယ် မဟုတ်ပါလား။ (မောရှေက မင်းစည်းစိမ်ကိုစွန့်တယ်၊ အာဗြဟံက နေရင်းအရပ်ကိုစွန့်တယ်၊ တစ်ဦးတည်းသောသားကိုယဇ်ပလ္လင်ပေါ်တင်ပစ်တယ်) ကျွန်တော်တို့ကရော ......။

အပေါ်ယံဆန်တဲ့ အကျင့်စာရိတ္တပြောင်းလဲရေးမှာဘဲ ရပ်နေကြမလား၊ တစ်ယောက်နဲ့တစ်ယောက် မဟုတ်တဲ့ စွန့်လွှတ်မှုတွေပဲ လုပ်ခိုင်းနေကြတယ်။

–အရက်မသောက်နဲ့

–ရုပ်ရှင်ကိုရုံမှာမကြည့်နဲ့(အိမ်ထဲမှာမပါ)

–ဝတ္ထုမဖတ်နဲ့၊ မဆဲနဲ့၊ ရန်မဖြစ်နဲ့

–ဘုရားကျောင်းမှန်မှန်တက်၊ ဆယ်ပုံတစ်ပုံထည့်၊

ခရစ်ယာန်လူမှုရေး လောကကြီးက 'ဆက်တင်' လုပ်ထားတဲ့ တောင်းဆိုမှုပုံစံ တစ်ခုထဲကိုသာ ကွက်၍ယုံကြည်ခြင်း၏အကျင့်လို့ ထင်နေကြ၏။ ဒါတွေလောက်တင်ပဲလား၊ အဝတ်အချည်းစည်းဖြစ်ပြီးနေ့တိုင်းစားရသော အစာမှာရှိနေပါသည်။ ဒီအကျင့်တွေက သာ၍အရေးမကြီးပေဘူးလား။ ကိုယ်နဲ့မဆိုင်သလို အသာလေးနေတတ်ခြင်းဟာ ခေတ်သစ် ခရစ်ယာန်တို့ရဲ့ယဉ်ကျေးမှုဖြစ်သည်လားတော့ မပြောတတ်ပါ။ ပြင်ပကမ္ဘာလောကကို မပြောပါနဲ့၊ ခရစ်ယာန်အချင်းချင်းတောင် ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ်က ဖါသိဖါသာပါပဲ၊ ဟိုအသင်းတော်နဲ့ ဒီအသင်းတော်ကျတော့၊ ခပ်စိမ်းစိမ်းပဲနေပ့ါမယ်ဆိုတဲ့ဝါဒကိုကျင့်သုံးတာများတယ်။ ကောင်းကင်နိုင်ငံကျရင်တော့ အတူတူနေကြမယ်လို့တော့ပြောကြတာပဲ။ တစ်ခါမှလည်း ပြုံးမပြဘူး။ မိတ်သဟာယဖွဲ့ဖို့ မကြိုးစားဘူး။ သိုင်းသမားတွေကျနေတာပဲ။ 'သင်တို့အချင်းချင်းချစ်ကြလော့' 'ရန်သူကိုပင်ချစ်လော့' ဒါတွေက ဟိုးပထမရာစုက ခရစ်ယာန်တွေနဲ့သာဆိုင်တဲ့ယုံကြည်ခြင်း၏ အကျင့်တွေနဲ့တူပါရဲ့ ––။ တောင်းသောသူအားပေးလော့။ အမျက်မပြေဘဲ နေမဝင်စေနှင့်။ (ကျွန်တော်တို့တွေ ဘဝမကူးခင်မှာ တစ်ခါတလေလောက်တော့ ဒီအကျင့်တွေကို လက်တွေ့ကျင့်သုံးသွားဖို့တော့ လိုလိမ့်မယ်နော်) ခိုင်းထားတဲ့ အရာ 'လမ်းညွှန်ချက်' တွေအများကြီးရှိနေပါတယ်။ ယုံကြည်ခြင်း၏အကျင့်ဆိုတာ ဘဝအသက်တာရဲ့ အဓိပ္ပါယ်ကို ကိုယ်ကဘယ်လို ဖေါ်ဆောင်နေသလဲ ဆိုတဲ့အချက်ပေါ်မှာသာ တည်နေပါတယ်။

(နောက်လဆက်ဖတ်ရန်)

ယခင်လမှအဆက်–

(၃) သာသနာပလူ(ဘာသာခြား) တို့ရဲ့ သံသရာမှလွတ်ရာထွက်ပေါက်ရှာတဲ့နည်းလမ်းဖြစ်တဲ့ တရားအားထုတ်ကျင့်ကြံခြင်းပုံစံ (ဒါကတော့ ခရစ်ယာန်တို့နဲ့ ဘယ်လိုမှပတ်သက်မှုမရှိဘူး)

ခရစ်ယာန်တစ်ယောက်အနေနဲ့ Work လို့ ခေါ်တဲ့အကျင့်တရားနဲ့ ပတ်သက်ရင် လုံးထွေးရစ်ပတ်ပြီး ကိုယ်ဘာကိုကျင့်လို့ ဘာအတွက် မှန်းမသိဖြစ်ရလေအောင် မတူသော အကြောင်းအရာပုံစံမျိုးနဲ့တင်ပြထားတာပါ။

## ပုဂ္ဂိုလ်နှင့်ပုဂ္ဂိုလ်၏တရား

ထာဝရဘုရား၏ဘာသာဖြစ်သော ခရစ်ယာန်ဘာသာ၌ မစ္ဆတာမနုဿ အတွက်ထူးခြားသောအခွင့်ရေးနှင့် လျှို့ဝှက်ချက်တစ်ခုရှိနေ၏။ ဤဘာသာတရားထဲ၌ ပုဂ္ဂိုလ်ဖြစ်သော ဘုရားကိုယ်တိုင် အထင်အရှားပါဝင်လျှက် ရှိနေခြင်းပင်ဖြစ်၏။ အသက်ရှင်တော်မူသော ဘုရားဟုအာမခံထားသော ထိုသခင်ကို သင့်ဘဝထဲမှာ တွေ့ရပြီလား၊ (ရှာကြလော့ – ရှာလျှင်တွေ့မည်) ဟုဆိုထားပါသည်။ ကျွန်တော် တို့အတွက် ခရစ်တော်နှင့် ခရစ်တော်၏တရားတည်းဟူသော ကဏ္ဍနှစ်မျိုး ရှိနေပြီးဖြစ်၏။ ဥပမာပေးရလျှင် –မင်းသားကျော်ဟိန်းနှင့် သူ၏ဓါတ်ပုံကွားခြားလှပါ၏။ မင်းသားမင်းသမီးတို့၏ ဓါတ်ပုံများသည် လူတိုင်းတို့၏ အိမ်များတွင်ရှိ၍ အမြတ်တနိုးချိတ်ဆွဲထားလေ့ရှိသော်လည်း လူပုဂ္ဂိုလ်နှင့် ကိုယ်တိုင်ရင်းနှီးပြီးသိကြသူမှာ အလွန်ပင်နည်းပါးလှသည် မဟုတ်ပါလား။ ကျော်ဟိန်း၏ဓါတ်ပုံသည် ကျော်ဟိန်းကိုယ်တိုင်လောက် သင့်ကို မစကူညီခြင်းငှာ မတတ်နိုင်ပါ။ ဒီကနေ့ ကျွန်တော် တို့ရဲ့ ကိုးကွယ်မှုတွင်လည်း ထိုသဘောအတိုင်း ရှိနေပါသည်။ ခရစ်ယာန်သည် ဘာသာတရား ချည်းသက်သက် အထီးတည်းရှိနေခြင်း မဟုတ်ပါ။ ခရစ်တော်ကိုယ်တိုင် ပုဂ္ဂိုလ်အဖြစ် နှင့်အသက်ရှင်လျှက်ပါဝင်နေခြင်းရှိ၏။ ထိုသခင်၏ မစကူညီမှုကို ခံစားနိုင်သော အခွင့်အရေးသည် ရှိနေပါ၏။ ကြီးမားလှသော အခွင့်ထူးဖြစ်ပါသောကြောင့် ထိုလျှို့ဝှက်ချက် ကိုတစ်ဦးချင်းကိုယ်တိုင်ဖေါ်ထုတ်လျှက်ရှာဖွေ တွေ့ရှိထားကြဖို့လိုပေ၏။

သဘောတရားနှင့် လက်တွေ့သည်မတူပါ။ သဘောတရားနှင့်သိနေသော ခရစ်တော်ကို လက်တွေ့ဘဝထဲသို့ ရောက်အောင်အဓိပ္ပါယ်ဖေါ်ယူကြပါစို့။ ထိုအခွင့်အရေးနှင့် လျှို့ဝှက်ချက်ကိုတွေ့ပြီးသူတို့က ပုဂ္ဂိုလ်၏မစမှုကို ခံယူကာဘဝခရီးကိုသက်တောင့်သက်သာ နှင်နေ

ကြပြီဖြစ်၏။ ရှာဖွေမတွေ့သေးသော ခရစ်ယာန်များက ပုဂ္ဂိုလ်၏မစမှုကို မခံစားကြရသေးဘဲ၊ တရားတော်၏ အကျိုးတစ်ခုတည်းနှင့်သာ ဘဝခရီးပြုနေကြ၏။ 'ပုဂ္ဂိုလ် ၌တည်ခြင်း' နှင့် 'ပုဂ္ဂိုလ်၏တရား' ၌တည်ခြင်းသည် မတူသောအကြောင်းအရာဖြစ်ပါသည်။ ယူတတ်လျှင် အခွင့်အရေးနှစ်မျိုးစလုံး ရှိနေ၏။ ခရစ်တော်၏တရားများထဲမှ 'ခရစ်တော်' ကိုတွေ့အောင် ရှာသင့်လှ၏ (ရှာကြလော့၊ ရှာလျှင်တွေ့မည်) တွေ့ထားပြီးသူနှင့် မတွေ့သေးတဲ့လူ အနှစ်သာရ ဘာကွာသနည်းဟုဆိုလျှင် –– မင်းသမီးတစ်ယောက်ကို ကိုယ်တိုင်ရယူပိုင်ဆိုင်ပြီး ဖက်ရမ်းခွင့်ရသူနှင့်၊ ထိုမင်းသမီး၏ ဓါတ်ပုံကိုနမ်းနေကြရသည့် တောသားတွေလောက်ကိုကွာပါသည်။ လူနားလည် လွယ်နိုင်သည့် မြင်ကွင်းနှင့် 'သရုပ်တင်' ပြလိုက်ရခြင်းပင်။

အခွင့်အရေးရှိတယ်ဆိုရင်–လူကောင်အစစ်နဲ့ ဓါတ်ပုံ ခင်ဗျားဘယ်ဟာ ရွေးမလဲ– 'ခရစ်တော်' နဲ့ ခရစ်ယာန်ဘာသာတရားဟာ အဲဒီလိုကွာတာပါ။ 'ခရစ်တော်' ကတော့ဘုရားလေ။ လူ့စည်းစိမ်၊ နတ်စည်းစိမ် ထက်မြင့်တဲ့ ထိတွေ့မှုနဲ့ ရသကို ကိုယ်တိုင်ခံစားဘူးကြဖို့လိုပါတယ်။ (အဲဒါ ဝိညာဉ်ထဲမှာ ဖြစ်ပျက်လာမဲ့အချင်းအရာပါပဲ)

လူသားတစ်ယောက်ရဲ့ နေ့စဉ်ဘဝထဲမှာ ခရစ်တော်ကိုယ်တိုင် ပုဂ္ဂိုလ်အနေနဲ့ရှိနေတာနဲ့ ခရစ်တော်ရဲ့ တရားများရှိနေခြင်းက မတူသောအကြောင်းပါ။ ဘာသာဝင်အများစုရဲ့ အိမ်တွေမှာ လက်ဝါးကပ်တိုင် တံဆိပ်များ ချိတ်ဆွဲထားလေ့ရှိကြတယ်။ တရားတော်ဖြစ်တဲ့ သမ္မာကျမ်းစာအုပ်တွေရှိကြတယ်။ ခရစ်တော်ရဲ့ ပုံတော်၊ ဓါတ်ပုံတွေ ပို့စ်အမျိုးမျိုးနဲ့ ကပ်ထားကြတယ်။

သို့သော်ခရစ်တော်တည်းဟူသော အသက်ရှင်သောပုဂ္ဂိုလ်ကိုယ်တိုင်ရှိနေတဲ့ လက္ခဏာသက်သေကိုမူတွေ့ရခဲလှ၏။ (ရှိတော့ရှိပါ၏၊ ရာခိုင်နှုန်းမျှသာပင်)ခရစ်တော်ကိုယ်တိုင် အုပ်စိုးသောအိမ်နှင့်ကျမ်းစာအုပ် များသာရှိနေသောအိမ်သည်မတူပါ။ လက်ဝါးကပ်တိုင် ပေါ်မှပုဂ္ဂိုလ်ရှိနေသောအိမ်နှင့် လက်ဝါးကပ်တိုင် 'ပလိမ်း' သက်သက် ချိတ်ဆွဲထားသောအိမ်သည်မတူပါ။ လူတစ်ဦးချင်းစီ၌ လည်းထိုနည်း၎င်းပါပင်။

– နှလုံးသားထဲမှာ ခရစ်တော်ကိုယ်တိုင် ပုဂ္ဂိုလ်အဖြစ်နဲ့ကျိမ်းဝပ်နေသူနဲ့– ရင်ဘတ်ပေါ် ခရော့စ်ကလေးများ ချိတ်ဆွဲထားကြသူများ

– ခရစ်တော် ကိုယ်တိုင်ကိုယူတင်ဝတ်ဆင်ထားသူနဲ့ – ပုံတော်ကို စတစ်ကာ တံဆိပ်ရိုက်ထားသည့် အင်္ကျီတွေဝတ်ခြုံထားသူ။

–နှုတ်ကပါတ်တော် ဖြစ်သောကျမ်းစာကို ရင်မှာသိုဂှက်ထားပြီး နေ့စဉ်ဘဝမှာ အဓိပ္ပါယ်တွေဖော်ဆောင်နေသူနဲ့–

ကျမ်းစာအုပ်ကိုတကိုင်ကိုင်လုပ်ရင်း တစ်ခါမှသေချာမဖတ်ကြတဲ့လူတွေလိုပါဘဲ။

ပုဂ္ဂိုလ်နဲ့ ကိုယ်တိုင်သိတယ်ဆိုတာက ဓါတ်ပုံထဲက ခရစ်တော်က ကိုယ့်နှလုံးသာထဲ့က ပုဂ္ဂိုလ်ဖြစ်နေတာ၊ ကျမ်းစာအုပ်ထဲက စာကြောင်းတွေက ကိုယ့်ရဲ့ ဘဝထဲမှာ အဓိပ္ပါယ်တွေဖြစ်နေတာ။ လက်ဝါးကပ်တိုင်ပေါ်က ပုဂ္ဂိုလ်က နေရာပြောင်းပြီးကိုယ့်ဆီကိုရောက်လာခဲ့တာ၊

ဒါကြောင့် မစ္စတာ မနုဿတို့ သုံးသပ်ရမှာက –

အဲဒီပုဂ္ဂိုလ်ဟာ ဓါတ်ပုံထဲမှာလား? ငါ့ဘဝထဲမှာလား?

အဲဒီပုဂ္ဂိုလ်ဟာ ကျမ်းစာအုပ်ထဲမှာလား? ငါ့ဘဝထဲမှာလား?

အဲဒီပုဂ္ဂိုလ်ဟာ ကားတိုင်ပေါ်မှာလား? ငါ့ဝိညာဉ်ထဲမှာလား?

သဘောတရားထဲကနေ လက်တွေ့ဘဝထဲ ရောက်သည်အထိ အဓိပ္ပါယ်ဖေါ်ယူကြရမဲ့အရေးပါ။ ဤသည်မှာ ခရစ်ယာန်ရဲ့ အခွင့်အရေးနှင့် အနှစ်သာရပါပဲ။ ခရစ်ယာန်ဘာသာ တရားထဲကနေ 'ခရစ်တော်' ဆီကိုရောက်အောင် ချဉ်းကပ် ရမည့်အလုပ်တစ်ခု လူတိုင်းအတွက်ရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ လက်ကိုင်ပြုထားကြတဲ့ ခရစ်ယာန်တရားဟာ 'ပုဂ္ဂိုလ်မဲ့'မဟုတ်ပါ။ ပုဂ္ဂိုလ်နဲ့ ဆက်နွယ်ပတ်သက်ဖူးခြင်း မရှိသေးဘူးဆိုရင် သဘောတရားသက်သက်ဖြင့် ကိုးကွယ်နေသူများလို့သာ ပြောနိုင်ပါသေးတယ်။ (အန္တရယ်များပါတယ်) ရိုးစင်းလွန်းတဲ့ အများသုံးကျမ်းပိုဒ်နဲ့ပဲ ချိန်ထိုးကြည့်ရင် ဒီအန္တရယ်ကိုမြင်နိုင်ပါတယ်။

ခမည်းတော်ဘုရားသခင်က –

သားတော်ကို မရသောသူမူကား၊ အသက်ကိုမရ၊ (တရားတော်လို့ပြောမထားပါဘူး) သားတော် – သားတော်။

သားတော်ဘုရားက–

ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ၊ (တရားတော်ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ) (တရားတော်ကိုအမှီမပြုလျှင်လို့ ပြောမထားဘူး) ငါ့ကို ငါ့ကိုတဲ့။

'ကျမ်းစာအားဖြင့် ထာဝရအသက်ကို ရမည်ဟု စိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏။ သင်တို့သည် အသက်ကိုရအောင် ငါ့ထံသို့လာခြင်းငှာအလိုမရှိကြ' (ယော ၅း၃၉–၄၁)

ဒါကြောင့် မစ္စတာ မနုဿဟာ အမြဲတမ်း ကိုယ့်ဟာကိုယ် မေးခွန်းထုတ်သင့်ပါတယ်။

ငါဟာ – ပုဂ္ဂိုလ်နဲ့ နေသောသူလား?

ပုဂ္ဂိုလ်မဲ့ နေသောသူလား?

ဤမေးခွန်းသည် (ဘာသာခြား) တို့နှင့် မသက်ဆိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့၌ ‘ပုဂ္ဂိုလ်’၏မစကူညီမှု အခန်းကဏ္ဍ မပါဝင်သော၊ တရားချည်းသက်သက်မျှသာ ရှိသောကြောင့်ပင်။ ကျွန်တော်တို့ အတွက်ကတော့ ‘ပုဂ္ဂိုလ်’ ရှိနေတယ်လေ။

ဖန်ဆင်းသောဘုရားသခင်သည် ပုဂ္ဂိုလ်ဖြစ်၏။

ကယ်တင်ရှင် ခရစ်တော်သည် ပုဂ္ဂိုလ်ဖြစ်၏။

သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်ဖြစ်၏။

ဤသုံးပါးတဆူဖြစ်သော ဘုရားသည် ‘ကာလဖြစ်စဉ်’သဘောနှင့် ကင်းလွတ်သောကြောင့် ‘ထာဝရဘုရား’ ဟုခေါ်တွင်၏။ ထာဝရဘုရားအဖြစ်နှင့်ထင်ရှားပြထားခြင်းဖြစ်ပါ၏။ ထိုဘုရားသည်လ ကျွန်ုပ်တို့အတွက် ‘သဘောတရား’ ‘အကြောင်းအရာ’ တစ်ခုအဖြစ်၌သာ ရှိနေဆဲဖြစ်ပါသလား? ထိုပုဂ္ဂိုလ်သည် ယခုပင် ဤလောကတွင်ရှိနေ၏။ (ရှာကြလော့၊ ရှာလျှင်တွေ့မည်) ဘာသာတရား၏ လမ်းညွှန်ဖော်ပြချက်ကို အမှီပြု၍ ပုဂ္ဂိုလ်ဖြစ်တော်မူသော ‘ခရစ်တော်’ထံသို့ အရောက်သွားကြပါစို့။

## ပုဂ္ဂိုလ်မဲ့ဖြစ်ခဲ့သော်။

အကြင်သူတစ်ဦးသည် ပုဂ္ဂိုလ်ဖြစ်သော ခရစ်တော်ကိုမသိဘဲ ဘဝကူးသည့် အချိန်အထိ သူ၌ခရစ်ယာန်ဘာသာ တရားတစ်သာရှိမည်ဆိုက ဤသို့ဖြစ်မည်ထင်သည်။

Cross ဟုခေါ်သော လက်ဝါးကပ်တိုင်သည် သေခြင်းတရား၏အမှတ်တံဆိပ်သာဖြစ်၏။ လူတို့အလွန်မုန်းတီးရွံရှာသော အမင်္ဂလာအမှတ်အသားလက္ခဏာသာဖြစ်သည်။ သို့သော် ထိုကားတိုင်ပေါ်သို့ ‘ခရစ်တော်’ တက်ပြီးသောအချိန်မှစ၍၊ မင်္ဂလာရှိသောအကြောင်းအရာသို့ ပြောင်းသွားပြီး အသက်ရှင်ခြင်းနှင့် ဆိုင်သော မင်္ဂလာအမှတ်တံဆိပ်ဖြစ်လာခဲ့ပါ၏။ မစ္စတာ မနုဿတို့သည် ထိုအမှတ်တံဆိပ်ကို ဖက်ရှင်တစ်ခုအနေဖြင့် ခေါင်းမှာလည်းဆင်၊ ရင်မှာလည်းဆွဲ လုပ်နေကြသော်လည်း အဓိပ္ပါယ်မှန်ကို မသိသူကများ၏။ ပုဂ္ဂိုလ်ဖြစ်သော ‘ခရစ်တော်’ ၏အာမခံချက်နှင့် ပတ်သက်မှုမရှိပါက လူတို့သည် တစ်နေ့သောအခါ ထိုတိုင်ပေါ်သို့ ကိုယ်တိုင်တက်၍ စီရင်ခြင်းကိုခံကြရမည့် အကြောင်းပင်။ ကားတိုင်သည် ကမ္ဘာလောကကို ‘သေခြင်း’နှင့် ‘အသက်ရှင်ခြင်း’ ရှိကြောင်း ပိုင်းခြားပြထားသော သတိပေးဆိုင်းဘုတ်ဖြစ်၏။ မစ္စတာမနုဿတို့ရဲ့ ရွေးချယ်မှုအပေါ်၌တည်၍ ကားတိုင်သည် အဓိပ္ပါယ်နှစ်မျိုးသက်ရောက်မည်ဖြစ်သည်။

တစ်မျိုးက   စီရင်ခြင်း

တစ်မျိုးက   လွတ်ငြိမ်းချမ်းသာခွင့်

ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်နှင့်သက်ဆိုင်ပြီးသူတို့ အတွက်က လွတ်ငြိမ်းချမ်းသာခွင့်၏အမှတ်တံဆိပ်သက်သေဖြစ်ပြီး၊ ပတ်သက်ခြင်းမရှိသူတို့အတွက်က စီရင်ခြင်းအမှတ်တံဆိပ်အဖြစ် ရှိနေဆဲပင်။

ခရစ်တော်နှင့် သက်ဆိုင်မှု မရှိသူအားလုံးသည် စီရင်ခြင်း၏ လက်အောက်၌ရှိနေဆဲဖြစ်ကြောင်း ကျမ်းစာအားဖြင့် သိသင့်ပါသည်။ ခရစ်တော်နှင့် ပုဂ္ဂိုလ်ချင်း ပတ်သက်မှု ရှိမထားသူမှန်သမျှတို့အတွက်

‘ကျမ်း’ဟာကိုယ့်ကိုစီရင်မည့် ဥပဒေ၊

‘ကားတိုင်’ ဟာ ကိုယ်တိုင်တက်ရမဲ့နေရာ၊

လူ့ဝိညာဉ်ကို သေမင်းဟာ တစ်နေ့မှာ ထိုကားတိုင်ပေါ်၌ တင်၍ စီရင်သွားလိမ့်မည်သာ။ ‘တရား’နှင့်နေသောသူများအဖြစ်မှ တစ်ဆင့်တက်၍ ‘ဘုရား’နှင့် နေသောသူများအဖြစ်သို့ ရောက်အောင်အသွင်ကူးပြောင်းကြပါစို့။ ထိုဖြစ်စဉ်ကို ‘ပြောင်းလဲခြင်း’ ဟုအဓိပ္ပါယ်ကောက်ယူနိုင်ပါသည်။

တရား၌အသက်မရှိ၊ စီရင်ခြင်းသာရှိ၏။

ဘုရား၌အသက်ရှိ၏၊ စီရင်ချက်ကို ပယ်ဖျက်ပေးနိုင်သောအခွင့်အာဏာရှိ၏။

‘ယေရှုက ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်’ (ယော ၁၁း၂၅)။

ထိုသဘောသည် ဘာသာတရားထက် သာလွန်လေးနက်သော ‘အနှစ်သာရ’ ဝိညာဉ်ရေး၏ အဓိပ္ပါယ်ဖြစ်သည်။

ထို့ကြောင့် –   ဘုရားကို – ကိုးကွယ်ကြစို့

တရားကို – ကျင့်စောင့်ကြစို့

တင်အောင်လွင် (Exodus)

မှတ်ချက်။

Eternal Life magazine မှကောက်နှုတ်တင်ပြထားပါသည်။